မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၂ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းခန့် | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) | ဦးထိန်လွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းတွင် ပါဝင်ခဲ့ပါသည်။ ကျန်းမာရေးနှင့် ပညာရေးကို အခြေခံ၍ တိုင်းတာသတ်မှတ်သည့် Human Asset Index (HAI) တွင် မြန်မာနိုင်ငံသည် သတ်မှတ်ချက်ပြည့်မီနေပြီး တစ်ဦးကျဝင်ငွေ Gross National Income (GNI) တိုးတက်ရေးနှင့် စီးပွားရေး ထိခိုက်နိုင်မှုညွှန်းကိန်း [Economic Vulnerability Index (EVI)] တို့ကို ပြည့်မီနိုင်သည့် အခွင့်အလမ်းများ ရှိနေပြီဖြစ်ရာ ကမ္ဘာ့ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီ၊ ဖွံ့ဖြိုးမှုမူဝါဒကော်မတီနှင့် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုအဖွဲ့တို့၏ သတ်မှတ်ချက်များ ပြည့်မီအောင် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်သွားပါက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် **"ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ထ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဓ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(န) ဦးဆက်အောင် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ပ) ဒေါက်တာဇော်ဦး အဖွဲ့ဝင်
အဖွဲ့ဝင်
နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့

(ဖ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၅)

(ဗ) ဒေါက်တာအောင်ထွန်းသက် တွဲဖက်အတွင်းရေးမှူး
အဖွဲ့ဝင်
နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့

၃။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် လိုအပ်သည့် စံသတ်မှတ်ချက်များ ပြည့်မီစေရန် လုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်မည့် ဆပ်ကော်မတီ၊ လုပ်ငန်းအဖွဲ့များ၊ အကြံပေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်။

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများနှင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် ပြည့်မီရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လိုအပ်သည့် စံသတ်မှတ်ချက်များ ပြည့်မီရေး အားဖြည့်ဆောင်ရွက်ရန်။

(ဂ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း၍ ပြင်ဆင်မှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးလုပ်ငန်း အချိန်ဇယားရေးဆွဲအကောင်အထည်ဖော်ရန်။

(ဃ) တစ်ဦးကျဝင်ငွေ အမှန်ရရှိရေးနှင့် သတ်မှတ်ဝင်ငွေရရှိရန် လိုအပ်နေသည့် မြို့နယ်များအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုမြှင့်တင်ရေးစီမံခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများမြှင့်တင်ရေးစီမံခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖန်တီးခြင်း၊ လူဦးရေအများစု မှီခိုလုပ်ကိုင်သည့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိရေး စီမံခြင်းတို့ကို လေ့လာတွက်ချက် စီမံအကောင်အထည်ဖော်ရန်။

(င) လူမှုစီးပွားဆိုင်ရာအာဟာရပြည့်ဝမှု၊ ငါးနှစ်အောက်ကလေးသေနှုန်း၊ စာတတ်မြောက်နှုန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းနေနှုန်း စသည့် Human Asset Index Criteria ပြန်လည်စိစစ်ခြင်း၊ ပြည့်မီရေးစီမံမြှင့်တင်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရန်။

(စ) စီးပွားရေးထိခိုက်အားနည်းမှု (Economic Vulnerability Index Criteria) အား ပြန်လည်စိစစ်ခြင်း၊ လယ်ယာ သားငါး သစ်တောထုတ်လုပ်မှု မကျဆင်းရေး၊ ဈေးကွက်ဝင်ရောက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် အိုးအိမ်မဲ့ထိခိုက်မှုများအား လူမှုရေးကာကွယ်စောင့်ရှောက်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က ထိရောက်စွာစောင့်ကြည့်မြှင့်တင်ရေး ပေါင်းစပ်ညှိနှိုင်းစီမံရန်နှင့် တိုးတက်မှုအကဲဖြတ်ရန်။

(ဆ) ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂထောင်စုနှစ်ပြည့်မီရေး၊ ဆင်းရဲမှုနှုန်းလျှော့ချရေးအကဲဖြတ်မှုလုပ်ငန်း ဆောင်ရွက်ချိန်၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး စံသတ်မှတ်ချက်များပြည့်မီရေး အကဲဖြတ်မှုကို တစ်ပေါင်းတည်း ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ရန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကူအညီရယူပူးပေါင်းဆောင်ရွက်ရန်။

(ဇ) ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းအကြံဉာဏ်ရယူ၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အကဲဖြတ်မှုအစီအစဉ်များ ရေးဆွဲပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်သွားရန်။

(ဈ) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ အခြားဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများ သတ်မှတ်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရေး ပေါင်းစပ်ညှိနှိုင်းစီမံပေးရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူစဉ်က ဘင်္ဂါလီလူမျိုးအမည်ဖြင့် စာရင်းကောက်ခံသူများအား ခိုးဝင်လာသူ ဟုတ်/မဟုတ်နှင့် နိုင်ငံသားဖြစ်မှု စိစစ်နိုင်ရန်အတွက် နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ

ဆိုင်ရာ ပြည်နယ်နှင့်မြို့နယ်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

**ပြည်နယ်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | ပြည်နယ်ဥပဒေချုပ်မှ တာဝန်ပေးအပ်သည့်ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | လျှောက်ထားသူနှင့်သက်ဆိုင်သည့် ဒေသ/အဖွဲ့အစည်းမှ<br>အများကြည်ညိုလေးစားခံရသူ (၃) ဦး | အဖွဲ့ဝင် |
| (၆) | ပြည်နယ်ဦးစီးဌာနမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

**မြို့နယ်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၄) | လျှောက်ထားသူနှင့်သက်ဆိုင်သည့် ဒေသ/အဖွဲ့အစည်းမှ<br>အများကြည်ညိုလေးစားခံရသူ (၃) ဦး | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးဌာနမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

**(၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဥပဒေပြုလွှတ်တော်၏ ဂါရဝပြုစစ်ရေးပြအစီအစဉ် ကျင်းပရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် (၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဥပဒေပြုလွှတ်တော်၏ ဂါရဝပြုစစ်ရေးပြအစီအစဉ်ကျင်းပရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြညိမ်း | ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးစိန်တင်ဝင်း | ဥက္ကဋ္ဌ<br>ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးတင်အောင် | ဒုတိယဥက္ကဋ္ဌ<br>ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | အဖွဲ့ဝင် |
| (င) | ဦးအောင်သိန်းလင်း | တောင်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိန်မြင့် | ဗိုလ်တထောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာနေလင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်လဲ့လဲ့ဝင်းဆွေ | တာမွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဝင်းမြင့် | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမြင့်သူ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးလှထွန်းဦး | ဒလမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးလွင်ဦး | သန်လျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်ကျော်ခင် | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးဇော်မြင့်ဖေ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာခင်ရွှေ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) | အဖွဲ့ဝင် |
| (တ) | ဦးညွန့်တင် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ထ) | ဦးဝင်းနောင် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ဒ) | ဦးနု | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဓ) | ဦးကျော်စိုး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အတွင်းရေးမှူး |
| (န) | ဦးကြည်မင်း | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး | တွဲဖက်အတွင်းရေးမှူး (၁) |

(ပ) ဦးတင်ဝင်းအောင် ခေတ္တညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး တွဲဖက်အတွင်းရေးမှူး (၂)

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) (၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဥပဒေပြုလွှတ်တော်၏ ဂါရဝပြုစစ်ရေးပြ အစီအစဉ်ကို စနစ်တကျ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်အစိုးရအဖွဲ့၏ ဂါရဝပြုစစ်ရေးပြပြီးဆုံးသည်နှင့် တစ်ဆက်တည်း ဥပဒေပြုလွှတ်တော်၏ ဂါရဝပြုစစ်ရေးပြအစီအစဉ်ကို ဆောင်ရွက်ရန်၊

(ဂ) အခမ်းအနားတွင် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သည်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) အခမ်းအနားကျင်းပပြုလုပ်ရန်အတွက် လိုအပ်သည့် လုပ်ငန်းအဖွဲ့ခွဲများကို ကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်၊

(င) အခမ်းအနားသို့ တက်ရောက်လိုသည့် အခြားလွှတ်တော်ကိုယ်စားလှယ်များရှိပါက ကော်မတီသို့ အမည်စာရင်းပေးပို့စေပြီး ဆက်လက်ဆောင်ရွက်ရန်၊

(စ) တည်ဆဲလုံခြုံရေးစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

**စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (က)**

# စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )

၁၃၇၆ ခုနှစ်၊                  လ    ရက်

( ၂၀၁၄ ခုနှစ်၊          လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) ၌ ပါရှိသော "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီး" ဆိုသည့် စကားရပ်ကို "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်နှင့်ယှဉ်တွဲ၍ အသုံးပြုပါက ယင်းစစ်ဘက်အဆင့် အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။" ဆိုသည့် စကားရပ်ကို "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပုဒ်မခွဲ (က) အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် -

(က) လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀။ ) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀။ )**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။”

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(၂) **ခွင့်ရက်**ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။”

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(၄) **အလုပ်သမား**ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်းအလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်း

အတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြုလုပ်ကိုင်နေသူကို ဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်စေ -

(က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာန လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို (အရင်း)၊ ညီအစ်မ (အရင်း) နှင့် မောင်နှမအရင်းများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ သို့မဟုတ် စီးပွားရေးလုပ်ငန်းက ဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ ဝေစုအဖြစ်ဖြင့် ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့်အစောင့်၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော် လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်း ပေးရန် ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ ရရှိသော နိုင်ငံ့ဝန်ထမ်းများ၊"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ ပါရှိသော "မှတ်ပုံဝင်ဆရာဝန်" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင် ဆရာဝန်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မြန်မာနိုင်ငံဘယဆေးဆိုင်ရာအက်ဥပဒေ" ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "တည်ဆဲတရားဥပဒေတစ်ရပ်ရပ်" ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေ တစ်ရပ်ရပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "နိုင်ငံတော်သမ္မတ" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၈) **အလုပ်ပိတ်ရက်**ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်တို့ကို ဆိုသည်။"

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော "အများအလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ကို "အများပြည်သူအလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၁) ၌ ပါရှိသော "ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရ အဖွဲ့က အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၃) ၏နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေး ရမည်။"

၆။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော "မှတ်ပုံဝင် ဆရာဝန်" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၇-က။ ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်နှင့် မီးဖွားပြီး ရက်သတ္တပတ်ရှစ်ပတ်ကို သက်ဆိုင်ရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော "နိုင်ငံတော်သမ္မတ" ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၃ ၌ ပါရှိသော "နိုင်ငံတော်သမ္မတသည်" ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈) ပါ ဇယားကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ

# ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁။ )

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့ကို ဆိုသည်။

(ဂ) **ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန် ပေးအပ်သော ပြည်ထောင်စုအသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်း အဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(င) **နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ နေပြည်တော်ကောင်စီက ဖွဲ့စည်းတာဝန် ပေးအပ်သော နေပြည်တော်ကောင်စီအသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(စ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဆ) **ခရိုင်မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဇ) **မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော မြို့နယ်အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဈ) **အသင်းအဖွဲ့**ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ကို ဆိုသည်။

(ည) **ပြည်တွင်းအသင်းအဖွဲ့**ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက် သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက်သော်လည်းကောင်း ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူအများစုပေါင်းဖွဲ့စည်းထားသည့် အကျိုးအမြတ်မယူသော နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့များ၏ အဖွဲ့ခွဲများလည်း ပါဝင်သည်။

(ဋ) **အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့**ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ရည်ရွယ်သော အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ်တို့ကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊

(ခ) အသင်းအဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဖွဲ့စည်း ဆောင်ရွက်နိုင်စေရန်၊

(ဂ) အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်စေရန်၊

(ဃ) အသင်းအဖွဲ့များသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ အကူအညီများ ရယူနိုင်ရန်၊

(င) လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်။

## အခန်း (၃)
## မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အသင်းအဖွဲ့များ မှတ်ပုံတင်ရေးအတွက် မှတ်ပုံတင်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊

(ဂ) နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊

(င) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊

(စ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး — အဖွဲ့ဝင်

(၃) ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(၇) ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) လူမှုရေးရာဝန်ကြီး — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းအဖွဲ့များမှ<br>ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်များ

(၄) ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး

(ဂ) နေပြည်တော်ကောင်စီသည် နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) နေပြည်တော်ကောင်စီဝင်တစ်ဦး — ဥက္ကဋ္ဌ

(၂) နေပြည်တော်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) နေပြည်တော်ကောင်စီအသင်းအဖွဲ့များမှ<br>ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်များ

(၄) ညွှန်ကြားရေးမှူး<br>နေပြည်တော်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(၅) ခရိုင်ဥပဒေအရာရှိတစ်ဦး<br>ခရိုင်ဥပဒေရုံး — တွဲဖက်အတွင်းရေးမှူး

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းရမည် -

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏<br>အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး — ဥက္ကဋ္ဌ

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းအဖွဲ့များမှ<br>ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်များ

(၄) လက်ထောက်ညွှန်ကြားရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(၅) ဥက္ကဋ္ဌက တာဝန်ပေးအပ်သော သက်ဆိုင်ရာဥပဒေအရာရှိ — တွဲဖက်အတွင်းရေးမှူး

(င) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) ခရိုင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်များ

(၄) လက်ထောက်ညွှန်ကြားရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(၅) ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး — တွဲဖက်အတွင်းရေးမှူး

(စ) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်မှတ်ပုံတင်ရေး အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြို့နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၃) မြို့နယ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်များ

(၄) ဦးစီးအရာရှိ အတွင်းရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) မြို့နယ်ဥပဒေအရာရှိ တွဲဖက်အတွင်းရေးမှူး
မြို့နယ်ဥပဒေရုံး

၆။ မှတ်ပုံတင်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းအဖွဲ့များက မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ခ) ပြည်တွင်းအသင်းအဖွဲ့များအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း၊

(ဂ) အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းနှင့် ကူညီပေးခြင်း၊

(ဃ) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာဌာန များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံ တင်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းကိုလည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှား ဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့တို့ကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ် ပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်း။

## အခန်း (၄)
## ပြည်တွင်းအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း

၇။ ပြည်တွင်းအသင်းအဖွဲ့များသည် ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားရမည် -

(က) အသင်းအဖွဲ့အမည်၊

(ခ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊

(ဂ) စတင်တည်ထောင်သည့်နေ့၊

(ဃ) ရည်ရွယ်ချက်၊

(င) လုပ်ငန်းစဉ်၊

(စ) အမှုဆောင်ဦးရေ၊

(ဆ) အသင်းဝင်ဦးရေ၊

(ဇ) အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း၊

(ဈ) ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊

(ည) ဖွဲ့စည်းပုံနှင့်စည်းမျဉ်း၊

(ဋ) သီးခြားတင်ပြချက် (ရှိလျှင်)၊

(ဌ) လျှောက်ထားသည့်ရက်စွဲ။

၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၇ အရ လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း (အစိုးရရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ မှတ်ပုံတင်လက်မှတ်ကို အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား ထုတ်ပေးရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ | ၉၀ ရက် |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ | ၆၀ ရက် |
| (၃) | နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့၊ | ၆၀ ရက် |
| (၄) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊ | ၃၀ ရက် |
| (၅) | ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ | ၃၀ ရက် |
| (၆) | မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။ | ၃၀ ရက် |

(ခ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့မှာ မှတ်ပုံတင်ကြေးပေးသွင်းရန် လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းမပြုမီ သတ်မှတ်ထားသောမှတ်ပုံတင်ကြေးကို ပေးသွင်းစေရမည်။

(ဂ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ်သည့်နေ့မှစ၍ အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူထံ ပြန်ကြားရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ | ၃၀ ရက် |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ | ၃၀ ရက် |
| (၃) | နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့၊ | ၃၀ ရက် |
| (၄) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊ | ၁၅ ရက် |
| (၅) | ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ | ၁၅ ရက် |
| (၆) | မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။ | ၁၅ ရက် |

၉။ မှတ်ပုံတင်ပေးရန် လျှောက်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

၁၀။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော ပြည်တွင်းအသင်းအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ကျပ်တစ်သိန်း သတ်မှတ်သည်။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

၁၂။ နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် နေပြည်တော်ကောင်စီနယ်နိမိတ်အတွင်းတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

၁၄။ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

၁၅။ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

## အခန်း (၅)

## အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း

၁၆။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်လက်မှတ်ရရှိရန် အောက်ပါအချက်များကို ဖော်ပြ၍ ယင်းအသင်းအဖွဲ့၏တာဝန်ခံက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည် -

(က) အသင်းအဖွဲ့အမည်၊

(ခ) အကြီးအကဲအမည်၊

(ဂ) တာဝန်ခံအမည်၊

(ဃ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊

(င) အသင်းအခြေစိုက်နိုင်ငံ၊

(စ) မြန်မာနိုင်ငံတွင်ဆောင်ရွက်မည့်လုပ်ငန်း၊

(ဆ) ဆက်သွယ်ဆောင်ရွက်မည့်ဝန်ကြီးဌာနများ၊

(ဇ) လုပ်ငန်းစီမံချက်၊

(ဈ) အမှုဆောင်အဖွဲ့ဝင်ဦးရေ၊

(ည) ရုံးခွဲတည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊

(ဋ) ရုံးခွဲတာဝန်ခံအမည်၊

(ဌ) လျှောက်ထားသည့်ရက်စွဲ။

၁၇။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၁၆ အရ လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း (အစိုးရရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုရန် ဆုံးဖြတ်

ပါက လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။ မှတ်ပုံတင်ကြေး တစ်သိန်းကျပ် သတ်မှတ်သည်။

(ဂ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားစာကို လျှောက်ထားသူအား ပြန်ကြားရမည်။

၁၈။ မှတ်ပုံတင်ပေးရန် လျှောက်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

## အခန်း (၆)

## မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များ

၁၉။ ဤဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဘာသာရေး၊ သာသနာရေးနှင့် စီးပွားရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့များ၊

(ခ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးအသင်းအဖွဲ့များ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ။

## အခန်း (၇)

## အသင်းအဖွဲ့များ၏မှတ်ပုံတင်လက်မှတ် လဲလှယ်ခြင်းနှင့်သက်တမ်းတိုးခြင်း

၂၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များသည် -

(က) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တစ်နှစ် တစ်ကြိမ် နှစ်ပတ်လည်အစီရင်ခံစာကို ငွေစာရင်းရှင်းတမ်းနှင့်အတူ တင်ပြရမည်။

(ခ) နှစ်စဉ် နှစ်ပတ်လည်အစီရင်ခံစာ ပုံမှန်တင်ပြခြင်းဖြင့် ဆက်လက်တည်ရှိနေသည်ဟု မှတ်ယူ၍ ငါးနှစ်လျှင် တစ်ကြိမ် မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ်ခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လဲလှယ်ခြင်းအတွက် မှတ်ပုံတင်ကြေး ပေးဆောင်ရန်မလို။

၂၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များသည် ငါးနှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးခွင့်ရှိသည်။ သက်တမ်းတိုးခြင်းအတွက် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ထပ်မံပေးဆောင်ရမည်။

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ နှစ်ပတ်လည်အစီရင်ခံစာကို တစ်ဆက်တည်း ငါးနှစ်တင်ပြရန် ပျက်ကွက်ပါက ယင်းအသင်းအဖွဲ့သည် လှုပ်ရှားရပ်တည်ဆောင်ရွက်မှုမရှိဟု မှတ်ယူမည်ဖြစ်ပြီး ဆက်လက်လှုပ်ရှားဆောင်ရွက်လိုပါက မှတ်ပုံတင်အသစ် လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။

၂၃။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် လဲလှယ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ရက်ပေါင်း

၆၀ အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေး အဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

၂၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ သို့မဟုတ် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၁၂၀ အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

## အခန်း (၈)

## အသင်းအဖွဲ့များအား အကာအကွယ်ပေးခြင်းနှင့် အကျိုးခံစားခွင့်

၂၅။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်၏ ဥပဒေနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများကို ဝန်ကြီး ဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပံ့ပိုးကူညီခြင်းနှင့် အကာအကွယ် ပေးခြင်း ပြုရမည်။

၂၆။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် နိုင်ငံတော်က ပေးအပ်သည့် အထောက်အပံ့များကို လက်ခံရယူခွင့်ရှိသည်။

၂၇။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့များသည် နိုင်ငံတကာအစိုးရတစ်ရပ်ရပ်ထံမှဖြစ်စေ၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်ထံမှ ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှဖြစ်စေ အထောက်အပံ့ကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံရယူ နိုင်သည်။

၂၈။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် တရားစွဲဆိုခွင့်၊ တရားစွဲဆိုခံပိုင်ခွင့်၊ ရန်ပုံငွေဖွင့်လှစ်တည်ထောင်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ အလှူငွေကောက်ခံနိုင်ခွင့်၊ ဘဏ်စာရင်းဖွင့်လှစ်နိုင်ခွင့်နှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်ရှိသည်။

၂၉။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်သည် မိမိအသင်းအဖွဲ့၏ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင် အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ခွင့်ရှိသည်။

## အခန်း (၉)

## အထွေထွေ

၃၀။ မည်သည့်နိုင်ငံရေးပါတီဝင်မဆို ဤဥပဒေအရ ဖွဲ့စည်းသော အသင်းအဖွဲ့များတွင် သက်ဆိုင်ရာ ပါတီကိစ္စမှအပ ဝင်ရောက်လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။

၃၁။ မည်သည့်နိုင်ငံ့ဝန်ထမ်းမဆို ဤဥပဒေအရ ဖွဲ့စည်းသော အသင်းအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ နှင့်အညီ ဝင်ရောက်လှုပ်ရှားဆောင်ရွက်နိုင်သည်။

၃၂။ အသင်းအဖွဲ့များသည် အချင်းချင်းမိတ်ဖက်ပြုလုပ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အပြန်အလှန် တာဝန်ယူမှု၊ ရပိုင်ခွင့်နှင့် အခန်းကဏ္ဍများ၌ ညီညွတ်မျှတသော အခြေအနေဖြစ်ရန် ဆောင်ရွက်ရမည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၃၄။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြ လျှောက်ထားဆောင်ရွက်ရမည်။

၃၅။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့ရသည့် ဒေသသို့ နယ်မြေကျော်လွန်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ဆောင်ရွက်မည့် သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေး အဖွဲ့နှင့် မှတ်ပုံတင်ရေးအဖွဲ့သို့ အကြောင်းကြား၍ လှုပ်ရှားဆောင်ရွက်ရမည်။

၃၆။ မှတ်ပုံတင်ခြင်းမပြုရသေးသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ခုသည် နိုင်ငံ အတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့နေသည့်ဒေသတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက် လိုပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ယာယီ မှတ်ပုံတင်ခွင့်လက်မှတ်ကို ဆောလျင်စွာထုတ်ပေးရမည်။

၃၇။ အသင်းအဖွဲ့တစ်ခုသည် ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာပြောင်းလဲခြင်း ပြုလို ပါက ဖွဲ့စည်းမှတ်ပုံတင်ထားသော သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက်အတွင်း စာဖြင့် အကြောင်းကြား တင်ပြရမည်။

၃၈။ အသင်းအဖွဲ့တစ်ခုသည် ယင်းအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များ ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် အသင်းအဖွဲ့ကိုယ်စားပြုကိုယ်စားလှယ်များ ပြောင်းလဲခြင်း ပြုလိုပါက ဖွဲ့စည်းမှတ်ပုံတင်ထားသော သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက်အတွင်း စာဖြင့် အကြောင်းကြားတင်ပြရမည်။

၃၉။ အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအတွက် အသင်းအဖွဲ့ကိုယ်စားပြုကိုယ်စားလှယ်များကို နှစ်နှစ်လျှင် တစ်ကြိမ် အသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့် ညှိနှိုင်းရွေးချယ် တာဝန်ပေးအပ်နိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေ အမှတ် ၆/၈၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက် များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၄၂။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေ အမှတ် ၆/၈၈) အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသောအသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်း ထားသည့် အသင်းအဖွဲ့များအဖြစ် မှတ်ယူရမည်။

၄၃။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေ အမှတ် ၆/၈၈) အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် (သဃ်န်းကျွန်းမဲဆန္ဒနယ်) ၏ "၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် (သဃ်န်းကျွန်းမဲဆန္ဒနယ်) က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။ )**

၁၃၇၆ ခုနှစ်၊  လ  ရက်

( ၂၀၁၄ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၁ ခုနှစ်၊ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေပုဒ်မ - ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (၂) တွင် ပြဋ္ဌာန်းထားသော "အဆိုပါသူများကို ၂၄ နာရီထက်ကျော်လွန်ပြီး (၁၅) ရက်ထက် မပိုစေသောရက်အပိုင်းအခြားအတွက် ချုပ်ထားခွင့်ကို ရာဇဝတ်တရားသူကြီးတစ်ဦးဦးက အမိန့် ချမှတ်ခွင့်ပြုနိုင်သည်။" ဆိုသည့် စကားရပ်အစား "၂၄ နာရီထက်ကျော်လွန်ပြီး (၁၅) ရက် တစ်ကြိမ်ထက် မပိုစေသော ရက်အပိုင်းအခြားအတွက် ချုပ်ထားခွင့်ကို ရာဇဝတ်တရားသူကြီးတစ်ဦးဦးက အမိန့် ချမှတ်ခွင့်ပြုနိုင်သည်။" စကားရပ်ကို ထည့်သွင်းရမည်။

၃။ ပုဒ်မ (၄)၊ ပုဒ်မခွဲ ၅ (က) တွင် ပြဋ္ဌာန်းထားသော "ဖမ်းဆီးခံရသူကို ပုဒ်မခွဲ (၂) အရ ဆက်လက်ချုပ်ထားခွင့် တောင်းခံသည့်အခါ ရာဇဝတ်တရားသူကြီးသည် ဆက်လက်ချုပ်ထားရန် လုံလောက်သော

အကြောင်းမရှိဟု ယူဆလျှင်၊ ထိုကဲ့သို့ ယူဆသည့်အကြောင်းများကို ရေးမှတ်ပြီး ထိုသူအား အာမခံနှင့် လွှတ်ထားနိုင်သည်။" ပယ်ဖျက်ပြီး အောက်ပါတို့ကို ပုဒ်မ ၄၊ ပုဒ်မခွဲ ၅ (က) အဖြစ် ထည့်သွင်းရမည်။

(က) ၂၄ နာရီထက် ကျော်လွန်ပြီး (၁၅) ရက် တစ်ကြိမ်ထက် မပိုစေသော ရက်အပိုင်းအခြားအတွက် ချုပ်နှောင်ထားပြီး တရားစွဲတင်နိုင်လောက်သည့် အထောက်အထား မတွေ့ရှိပါက ထိုသူကို ချုပ်နှောင်ထားခြင်းမှ အပြီးအပြတ်လွှတ်ရမည်။

၄။ ပုဒ်မ ၁၀၊ ပုဒ်မခွဲ ၄ တွင် ပြဋ္ဌာန်းထားသော "တစ်ဦးတစ်ယောက်သောသူသည် ပြစ်မှုကျူးလွန်လေ့ရှိသူ ဖြစ်သည်ဟူသောအချက်ကို၊ သို့တည်းမဟုတ် ခံဝန်မရှိဘဲ လွတ်လပ်စွာနေခွင့်ပြုလျှင်၊ ရပ်သူရပ်သားများကို ဘေးဖြစ်စေအောင် ဆိုးသွမ်းရမ်းကား၍ အန္တရာယ်ပြုတတ်သူဖြစ်သည်ဟူသောအချက်ကို ယေဘုယျအားဖြင့် ကျော်စောသတင်းရှိကြောင်း သက်သေခံဖြင့် ဤပုဒ်မအလို့ငှာ ထင်ရှားစေနိုင်သည်။" ဆိုသည့် စကားရပ်အစား "တစ်ဦးတစ်ယောက်သောသူသည် ပြစ်မှုကျူးလွန်လေ့ရှိသူ ဖြစ်သည်ဟူသောအချက်ကို၊ သို့တည်းမဟုတ် ခံဝန်မရှိဘဲ လွတ်လပ်စွာနေခွင့်ပြုလျှင်၊ ရပ်သူရပ်သားများကို ဘေးဖြစ်စေအောင် ဆိုးသွမ်းရမ်းကား၍ အန္တရာယ်ပြုတတ်သူဖြစ်သည်ဟူသောအချက်ကို မကြာခဏ ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း ထိုသူကျူးလွန်သော ပြစ်မှုတရားရုံးတော်က ဆုံးဖြတ်ခဲ့သည့်ပြစ်ဒဏ် အစရှိသည်တို့ကို လုံလောက်သော သက်သေခံအထောက်အထားများဖြင့် တင်ပြနိုင်မှသာလျှင် ဤပုဒ်မအလို့ငှာ အထင်အရှားဖြစ်စေသည်" ဟု စကားရပ် ထည့်သွင်းဖြည့်စွက်ရမည်။

၅။ အဆိုပါအက်ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (၃) ဖြင့် ခြွင်းချက်တွင် ပြဋ္ဌာန်းထားသော -

"ခြွင်းချက် ။ ။ သို့ရာတွင် ခံဝန်မပေး ပျက်ကွက်သည့်အတွက် တစ်ဦးတစ်ယောက်သောသူကို ထောင်၌ ချုပ်ထားရန် ကာလအပိုင်းအခြားသတ်မှတ်ထားရှိခဲ့သော ထိုကာလအပိုင်းအခြားသည် သုံးနှစ်ထက် မပိုစေရ။" ဆိုသည့် စကားရပ်အစား အောက်ပါတို့ကို ပုဒ်မ - ၁၈၊ ပုဒ်မခွဲ (၃) ခြွင်းချက်တွင် ထည့်သွင်းရမည်။

"ခြွင်းချက် ။ ။ သို့ရာတွင် ခံဝန်မပေး ပျက်ကွက်သည့်အတွက် တစ်ဦးတစ်ယောက်သောသူကို ထောင်၌ ချုပ်ထားရန် ကာလအပိုင်းအခြား သတ်မှတ်ထားရှိခဲ့သော ထိုကာလအပိုင်းအခြားသည် တစ်နှစ်ထက် မပိုစေရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် )

**သတ္တုနှင့်သယံဇာတရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၅/၂၀၁၃ ဖြင့် ဖွဲ့စည်းခဲ့သော သတ္တုနှင့်သယံဇာတရေးရာကော်မတီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉) အား ၎င်း၏ဆန္ဒအရ ကော်မတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခွင့် ပြုလိုက်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများအား ဖျက်သိမ်းခြင်းနှင့် အသစ်ပြန်လည်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့နှင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တို့တွင် ဖွဲ့စည်းခဲ့သည့် အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

၂။ အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများအား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည်။

၃။ အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီအသီးသီး၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**ဥပဒေကြမ်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (က)၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၃ (က) နှင့် ၄၀ တို့အရ ဖွဲ့စည်းထားသော ဥပဒေကြမ်းကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းတင်အောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးဟာရှိန်းဘွေ | မဲဆန္ဒနယ်အမှတ် (၈)၊ ချင်းပြည်နယ် | |
| (ဃ) | ဦးတင်မြ | မဲဆန္ဒနယ်အမှတ် (၇)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (င) | ဦးမိုးမြင့် | မဲဆန္ဒနယ်အမှတ် (၇)၊ တနင်္သာရီတိုင်းဒေသကြီး | |

(စ) ဦးဝင်းနိုင်ရှိန် မဲဆန္ဒနယ်အမှတ် (၅)၊ ပဲခူးတိုင်းဒေသကြီး
(ဆ) ဦးမြင့်ထွန်း မဲဆန္ဒနယ်အမှတ် (၁၀)၊ ပဲခူးတိုင်းဒေသကြီး
(ဇ) ဦးစိုးမြင့် မဲဆန္ဒနယ်အမှတ် (၆)၊ မကွေးတိုင်းဒေသကြီး
(ဈ) ဦးဝင်းမောင် မဲဆန္ဒနယ်အမှတ် (၂)၊ မန္တလေးတိုင်းဒေသကြီး
(ည) ဦးကျော်ကျော် မဲဆန္ဒနယ်အမှတ် (၂)၊ ရခိုင်ပြည်နယ်
(ဋ) ဦးမောင်အေးထွန်း မဲဆန္ဒနယ်အမှတ် (၉)၊ ရခိုင်ပြည်နယ်
(ဌ) ဦးတင်ယု မဲဆန္ဒနယ်အမှတ် (၁၁)၊ ရန်ကုန်တိုင်းဒေသကြီး
(ဍ) ဗိုလ်မှူးချုပ်ကျော်ဦးလွင် တပ်မတော်သားကိုယ်စားလှယ်
(ဎ) ဗိုလ်မှူးကြီးခင်စိုး တပ်မတော်သားကိုယ်စားလှယ်
(ဏ) ဒေါက်တာမြတ်ဉာဏစိုး မဲဆန္ဒနယ်အမှတ် (၄)၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

## ပြည်သူ့ငွေစာရင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ)၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၃ (ခ) နှင့် ၄၇ တို့အရ ဖွဲ့စည်းထားသော ပြည်သူ့ငွေစာရင်းကော်မတီကို အောက်ပါ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးသိန်းဝင်း မဲဆန္ဒနယ်အမှတ် (၉)၊ စစ်ကိုင်းတိုင်းဒေသကြီး ဥက္ကဋ္ဌ
(ခ) ဦးဌေးရယ် မဲဆန္ဒနယ်အမှတ် (၇)၊ ကယားပြည်နယ်
(ဂ) ဦးအောင်မြင့်သိန်း မဲဆန္ဒနယ်အမှတ် (၉)၊ ကရင်ပြည်နယ်
(ဃ) ဦးမင်းမျိုးတင့်လွင် မဲဆန္ဒနယ်အမှတ် (၁၀)၊ ကရင်ပြည်နယ်
(င) ဦးစတီဗင်သာဘိတ် မဲဆန္ဒနယ်အမှတ် (၄)၊ ချင်းပြည်နယ်
(စ) ဦးခမ်ဆွင်းမုန် မဲဆန္ဒနယ်အမှတ် (၅)၊ ချင်းပြည်နယ်
(ဆ) ဦးအောင်ဝင်း မဲဆန္ဒနယ်အမှတ် (၄)၊ တနင်္သာရီတိုင်းဒေသကြီး
(ဇ) ဦးမောင်သာခင် မဲဆန္ဒနယ်အမှတ် (၈)၊ ရခိုင်ပြည်နယ်
(ဈ) ဦးနု မဲဆန္ဒနယ်အမှတ် (၁၀)၊ ရန်ကုန်တိုင်းဒေသကြီး

(ည) ဦးစိုင်းဝင်းမောင် မဲဆန္ဒနယ်အမှတ် (၅)၊ ရှမ်းပြည်နယ်
(ဋ) ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မဲဆန္ဒနယ်အမှတ် (၆)၊ ရှမ်းပြည်နယ်
(ဌ) ဦးသိမ်းဆွေ မဲဆန္ဒနယ်အမှတ် (၁၀)၊ ဧရာဝတီတိုင်းဒေသကြီး
(ဍ) ဗိုလ်မှူးချုပ်အောင်စန်းချစ် တပ်မတော်သားကိုယ်စားလှယ်
(ဎ) ဗိုလ်မှူးမောင်မောင်ကြီး တပ်မတော်သားကိုယ်စားလှယ်
(ဏ) ဒေါ်ရီရီမြင့် မဲဆန္ဒနယ်အမှတ် (၁)၊ မွန်ပြည်နယ် အတွင်းရေးမှူး

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**လွှတ်တော်အခွင့်အရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ဂ)၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၃ (ဂ) နှင့် ၅၄ တို့အရ ဖွဲ့စည်းထားသော လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးမြညိမ်း မဲဆန္ဒနယ်အမှတ် (၇)၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ
(ခ) ဦးမန်းအောင်တင်မြင့် မဲဆန္ဒနယ်အမှတ် (၁၂)၊ ကရင်ပြည်နယ်
(ဂ) ဦးစောမော်ထွန်း မဲဆန္ဒနယ်အမှတ် (၁)၊ ပဲခူးတိုင်းဒေသကြီး
(ဃ) ဦးဖိုးဇော် မဲဆန္ဒနယ်အမှတ် (၂)၊ ပဲခူးတိုင်းဒေသကြီး
(င) ဦးရဲမြင့် မဲဆန္ဒနယ်အမှတ် (၄)၊ ပဲခူးတိုင်းဒေသကြီး
(စ) ဦးသက်နိုင်ဦး မဲဆန္ဒနယ်အမှတ် (၆)၊ ပဲခူးတိုင်းဒေသကြီး
(ဆ) ဦးအောင်ချိုဦး မဲဆန္ဒနယ်အမှတ် (၁၁)၊ ပဲခူးတိုင်းဒေသကြီး
(ဇ) ဦးတင်ဝင်း မဲဆန္ဒနယ်အမှတ် (၈)၊ မကွေးတိုင်းဒေသကြီး
(ဈ) ဦးဖုန်းမြင့်အောင် မဲဆန္ဒနယ်အမှတ် (၃)၊ ရန်ကုန်တိုင်းဒေသကြီး
(ည) ဦးဉာဏ်လင်း မဲဆန္ဒနယ်အမှတ် (၁)၊ ရှမ်းပြည်နယ်
(ဋ) ဦးညွှန့်လှိုင် မဲဆန္ဒနယ်အမှတ် (၄)၊ ဧရာဝတီတိုင်းဒေသကြီး
(ဌ) ဦးသက်လင်း မဲဆန္ဒနယ်အမှတ် (၈)၊ ဧရာဝတီတိုင်းဒေသကြီး
(ဍ) ဦးဝင်းသိန်း မဲဆန္ဒနယ်အမှတ် (၉)၊ ဧရာဝတီတိုင်းဒေသကြီး

(ပ) ဗိုလ်မှူးချုပ်သက်ထွန်းအောင် တပ်မတော်သားကိုယ်စားလှယ်
(ဖ) ဒေါ်နန်းနီနီအေး မဲဆန္ဒနယ်အမှတ် (၆)၊ ကရင်ပြည်နယ် အတွင်းရေးမှူး

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ဃ)၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၃ (ဃ) နှင့် ၆၇ တို့အရ ဖွဲ့စည်းထားသော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင် ဖွဲ့စည်းလိုက်သည် -

(က) ဦးမှတ်ကြီး မဲဆန္ဒနယ်အမှတ် (၉)၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ
(ခ) ဒေါ်နော်မေးရီယန် မဲဆန္ဒနယ်အမှတ် (၄)၊ ကယားပြည်နယ်
(ဂ) ဦးစောငြိမ်းသင် မဲဆန္ဒနယ်အမှတ် (၃)၊ ကရင်ပြည်နယ်
(ဃ) ဦးနိုန်းခင်ပေါင် မဲဆန္ဒနယ်အမှတ် (၇)၊ ချင်းပြည်နယ်
(င) ဒေါက်တာဝင်းမြင့်အောင် မဲဆန္ဒနယ်အမှတ် (၄)၊ စစ်ကိုင်းတိုင်းဒေသကြီး
(စ) ဦးတင်ရှုန် မဲဆန္ဒနယ်အမှတ် (၆)၊ တနင်္သာရီတိုင်းဒေသကြီး
(ဆ) ဒေါက်တာခင်မောင်လေး မဲဆန္ဒနယ်အမှတ် (၈)၊ ပဲခူးတိုင်းဒေသကြီး
(ဇ) ဦးကျော်သူဦး မဲဆန္ဒနယ်အမှတ် (၅)၊ မကွေးတိုင်းဒေသကြီး
(ဈ) ဦးခင်မောင်ဌေး မဲဆန္ဒနယ်အမှတ် (၁၀)၊ မန္တလေးတိုင်းဒေသကြီး
(ည) ဦးစိုင်းကျော်ဇောသန်း မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ်
(ဋ) ဦးဉာဏ်လင်း မဲဆန္ဒနယ်အမှတ် (၃)၊ ဧရာဝတီတိုင်းဒေသကြီး
(ဌ) ဒေါက်တာဌေးဝင်း မဲဆန္ဒနယ်အမှတ် (၅)၊ ဧရာဝတီတိုင်းဒေသကြီး
(ဍ) ဗိုလ်မှူးကျော်နိုင်ဌေး တပ်မတော်သားကိုယ်စားလှယ်
(ပ) ဗိုလ်မှူးသိန်းဘိုဘိုထွေး တပ်မတော်သားကိုယ်စားလှယ်
(ဖ) ဦးစံပြည့် မဲဆန္ဒနယ်အမှတ် (၇)၊ ကချင်ပြည်နယ် အတွင်းရေးမှူး

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/ ၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့်**
**လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ လွှတ်တော်၏ အုပ်ချုပ်မှုကိစ္စများ၊ ကော်မတီအသီးသီး၏ လုပ်ငန်းကိစ္စများကို ကော်မတီဥက္ကဋ္ဌများက လေ့လာသိရှိပြီး စုပေါင်းညှိနှိုင်းတာဝန်ယူ၍ လွှတ်တော်ဥက္ကဋ္ဌကို အထောက်အကူပြုရန် အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ ၃၂ အရ အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်မြင့်ဖေ | မဲဆန္ဒနယ်အမှတ် (၅)၊ မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာမြင့်ကြည် | မဲဆန္ဒနယ်အမှတ် (၈)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဂ) | ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး | အတွင်းရေးမှူး |
| (ဃ) | ဦးမျိုးမြင့် | မဲဆန္ဒနယ်အမှတ် (၆)၊ မန္တလေးတိုင်းဒေသကြီး | |
| (င) | ပါမောက္ခဒေါက်တာမြဦး | မဲဆန္ဒနယ်အမှတ် (၉)၊ ပဲခူးတိုင်းဒေသကြီး | |
| (စ) | ဦးခက်ထိန်နန် | မဲဆန္ဒနယ်အမှတ် (၁)၊ ကချင်ပြည်နယ် | |
| (ဆ) | ဒေါက်တာဗညားအောင်မိုး | မဲဆန္ဒနယ်အမှတ် (၇)၊ မွန်ပြည်နယ် | |
| (ဇ) | ဦးဆိုင်ပေါင်းနပ် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရှမ်းပြည်နယ် | |
| (ဈ) | ဒေါ်နန်းနီနီအေး | မဲဆန္ဒနယ်အမှတ် (၆)၊ ကရင်ပြည်နယ် | |
| (ည) | ဦးအောင်ထွန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ မကွေးတိုင်းဒေသကြီး | |

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

**လုပ်ငန်းတာဝန်များ**

၃။ အဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေ၊ ခရီးစရိတ်နှင့် အခြားစရိတ်များကိစ္စ၊ တည်းခိုရေး၊ သွားလာရေးနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စများကို ညှိနှိုင်းစဉ်းစား၍ တင်ပြခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာသင့်သော ကျင့်ဝတ်များ၊ စည်းကမ်းများကို လေ့လာစိစစ်၍ အကြံပြုတင်ပြခြင်း၊

(ဂ) နိုင်ငံခြားခရီးစဉ်များ၌ လိုက်ပါမည့် လွှတ်တော်ကိုယ်စားလှယ်များကိစ္စနှင့်စပ်လျဉ်း၍ သဘောထား တင်ပြခြင်း၊

(ဃ) ကော်မတီများ၏ အထွေထွေလုပ်ငန်းဆိုင်ရာကိစ္စများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်တင်ပြခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများအနက် ခွင့်ပြုသင့်သော မေးခွန်းနှင့် အဆို များကို စိစစ်ထောက်ခံတင်ပြခြင်း၊

(စ) ကော်မတီများ၏ အစီရင်ခံစာများနှင့် အဆိုများအနက် လွှတ်တော်သို့ တင်ပြသင့်သည်များကို ညှိနှိုင်း စိစစ်တင်ပြခြင်း၊

(ဆ) ကော်မတီအလိုက် သွားရောက်ရန်ရှိသော ပြည်တွင်းခရီးစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းစိစစ်တင်ပြခြင်း၊

(ဇ) နိုင်ငံတကာနှင့် ဒေသဆိုင်ရာအစည်းအဝေးများနှင့် ဆွေးနွေးပွဲများ၌ လွှတ်တော်ကိုယ်စားလှယ် များက အဆင့်အတန်းရှိစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို အကြံပြုတင်ပြခြင်း၊

(ဈ) လွှတ်တော်နှင့် ကော်မတီ၏လုပ်ငန်းများကို ပြည်သူများ ရင်းနှီးအကျွမ်းဝင်နေစေရန်နှင့် တိုင်းပြည်၏ အရေးအရာများကို ပြည်သူများ သိရှိနေစေရန် ဆောင်ရွက်သင့်သည်များကို ညှိနှိုင်းအကြံပြုခြင်း၊

(ည) လွှတ်တော်အုပ်ချုပ်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စများဆိုင်ရာမူဝါဒများ အကြံပြုတင်ပြခြင်း၊

(ဋ) လွှတ်တော်ဆိုင်ရာရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအကြံပြုခြင်း။

**အဖွဲ့အစည်းအဝေးများ ကျင်းပခြင်း**

၄။ အဖွဲ့၏အစည်းအဝေးကို လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်ကာလအတွင်း ပုံမှန်အားဖြင့် အင်္ဂါနေ့တိုင်း နံနက် (၀၈း၀၀) နာရီ၌ ရေးရာဆောင် (I-20) တွင် ကျင်းပမည်။ အဖွဲ့ဥက္ကဋ္ဌက လုပ်ငန်း လိုအပ်ချက်အရ အဖွဲ့အစည်းအဝေးကို လိုအပ်သလို သီးခြားခေါ်ယူကျင်းပနိုင်သည်။

၅။ အဖွဲ့ဝင်တိုင်းက အစည်းအဝေးကို အဖြစ်နိုင်ဆုံး တက်ရောက်ရန်ဖြစ်သော်လည်း မတက်ရောက် နိုင်ပါက ခွင့်ပန်ရမည်။

၆။ အဖွဲ့ဝင် ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။

၇။ အဖွဲ့အစည်းအဝေးကျင်းပရေး၊ ဖိတ်ကြားရေးနှင့် မှတ်တမ်းပြုစုရေးကို အဖွဲ့အတွင်းရေးမှူး၏ ကြီးကြပ်မှုဖြင့် လွှတ်တော်ရုံးက ဆောင်ရွက်ပေးရမည်။

၈။ အစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေရန်မဟုတ်ဘဲ မှတ်တမ်းအဖြစ် အမှုတွဲ၌ ထားရှိရန်ဖြစ်သည်။

၉။ အဖွဲ့၏ သဘောထားများနှင့် ဆုံးဖြတ်ချက်များကို လွှတ်တော်ဥက္ကဋ္ဌထံ အမြန်ဆုံးတင်ပြရမည်။

၁၀။ အဖွဲ့ဝင်တစ်ဦးသည် အဖွဲ့ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ သုံးကြိမ်တိုင်တိုင် တစ်ဆက်တည်း ကျင်းပသော အဖွဲ့အစည်းအဝေးများသို့ မတက်ရောက်လျှင် အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲသည်။

၁၁။ အဖွဲ့ဥက္ကဋ္ဌသည် အဖွဲ့အစည်းအဝေး၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမရှိလျှင် အဖွဲ့ဝင် များက မိမိတို့အထဲမှ အဖွဲ့ဝင်တစ်ဦးကို သဘာပတိအဖြစ် ညှိနှိုင်းရွေးချယ်ရမည်။

၁၂။ ဆန္ဒမဲပေးရာ၌ အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ဆန္ဒမဲမပေးရ၊ ဆန္ဒမဲတူညီနေလျှင် ဥက္ကဋ္ဌ (သို့မဟုတ်) သဘာပတိသည် အနိုင်မဲပေးရမည်။

၁၃။ အဖွဲ့အစည်းအဝေးများ၌ ဆွေးနွေးသော ဆွေးနွေးချက်များကို ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ၊

၁၄။ အဖွဲ့ဝင်တစ်ဦးသည် မိမိနှင့်သက်ဆိုင်သည့် ရေးရာကော်မတီ၏ (သို့မဟုတ်) မိမိတစ်ဦးချင်း၏ အဆို၊ မေးခွန်းနှင့် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီး ခွင့်ပြု သင့် - မသင့် မဲပေးဆုံးဖြတ်သည့်အခါ အစည်းအဝေးခန်းမမှ ထွက်ခွာပေးရမည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမျိုးမြင့် | မဲဆန္ဒနယ်အမှတ် (၆)၊ မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်မောင်ဝင်း | မဲဆန္ဒနယ်အမှတ် (၃)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဂ) | ဦးစောအုန်း | မဲဆန္ဒနယ်အမှတ် (၉)၊ မွန်ပြည်နယ် | |
| (ဃ) | ဦးအုန်းတင် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရခိုင်ပြည်နယ် | |
| (င) | ဦးစိုင်းသန့်ဇင် | မဲဆန္ဒနယ်အမှတ် (၄)၊ ရှမ်းပြည်နယ် | |
| (စ) | ဦးရှုမောင် | မဲဆန္ဒနယ်အမှတ် (၈)၊ ရှမ်းပြည်နယ် | |
| (ဆ) | ဦးလှိုင်ဦး | မဲဆန္ဒနယ်အမှတ် (၁၂)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဇ) | ဗိုလ်မှူးမောင်မောင် | တပ်မတော်သားကိုယ်စားလှယ် | |
| (ဈ) | ဒေါ်ရီရီမြင့် | မဲဆန္ဒနယ်အမှတ် (၁)၊ မွန်ပြည်နယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

### တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခက်ထိန်နန် | မဲဆန္ဒနယ်အမှတ် (၁)၊ ကချင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစခုန်တိန့်ယိန်း | မဲဆန္ဒနယ်အမှတ် (၄)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးဆန်းရယ် | မဲဆန္ဒနယ်အမှတ် (၅)၊ ကယားပြည်နယ် | |
| (ဃ) | ဦးမန်းကံညွန့် | မဲဆန္ဒနယ်အမှတ် (၂)၊ ကရင်ပြည်နယ် | |
| (င) | ဦးစောမြဝင်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ ကရင်ပြည်နယ် | |
| (စ) | ဦးပေါ်လျှံလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ချင်းပြည်နယ် | |
| (ဆ) | ဦးမြင့်လှိုင် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရခိုင်ပြည်နယ် | |
| (ဇ) | ဦးလျှူကွယ်ရှိ | မဲဆန္ဒနယ်အမှတ် (၁၁)၊ ရှမ်းပြည်နယ် | |
| (ဈ) | ဗိုလ်မှူးကြီးဝင်းလွင်ဦး | တပ်မတော်သားကိုယ်စားလှယ် | |
| (ည) | ဦးဆလိုင်းခွဲယန် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ချင်းပြည်နယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

## တောင်သူလယ်သမားနှင့်အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဦးဆွေအောင် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) ဦးကျွန်ခဲန်း | မဲဆန္ဒနယ်အမှတ် (၁)၊ ချင်းပြည်နယ် | |
| (ဂ) ဒေါက်တာခင်မောင်လေး | မဲဆန္ဒနယ်အမှတ် (၈)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဃ) ဦးသော်ဇင်ဦး | မဲဆန္ဒနယ်အမှတ် (၉)၊ မကွေးတိုင်းဒေသကြီး | |
| (င) ဦးစိုးအောင် | မဲဆန္ဒနယ်အမှတ် (၁၁)၊ မန္တလေးတိုင်းဒေသကြီး | |
| (စ) ဦးစိုးဟန်လင်း | မဲဆန္ဒနယ်အမှတ် (၁)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဆ) ဦးစိုးဝင်း | မဲဆန္ဒနယ်အမှတ် (၂)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဇ) ဗိုလ်မှူးဝင်းသိန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ဈ) ဦးအောင်ကြည်ညွန့် | မဲဆန္ဒနယ်အမှတ် (၄)၊ မကွေးတိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

## နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမန်းအောင်တင်မြင့် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ကရင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဂမ်ဆိုင်း | မဲဆန္ဒနယ်အမှတ် (၂)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးပိုးရယ်အောင်သိန်း | မဲဆန္ဒနယ်အမှတ် (၈)၊ ကယားပြည်နယ် | |
| (ဃ) | ဦးစောအေးမြိုင် | မဲဆန္ဒနယ်အမှတ် (၈)၊ ကရင်ပြည်နယ် | |
| (င) | ဦးမနားနိုင်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ ချင်းပြည်နယ် | |
| (စ) | ဦးလှအေး | မဲဆန္ဒနယ်အမှတ် (၁၁)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ဆ) | ဦးနိုင်ထွန်းအုံ | မဲဆန္ဒနယ်အမှတ် (၅)၊ မွန်ပြည်နယ် | |
| (ဇ) | ဦးခင်မောင်လတ် | မဲဆန္ဒနယ်အမှတ် (၆)၊ ရခိုင်ပြည်နယ် | |
| (ဈ) | ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ည) | ဦးမြတ်ကို | မဲဆန္ဒနယ်အမှတ် (၁၂)၊ စစ်ကိုင်းတိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်ခင်ဝိုင်းကြည် | မဲဆန္ဒနယ်အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးပီမောင်စိုး | မဲဆန္ဒနယ်အမှတ် (၁)၊ ကယားပြည်နယ် | |
| (ဂ) | ဦးပေါလ်ထန်ထိုင်း | မဲဆန္ဒနယ်အမှတ် (၃)၊ ချင်းပြည်နယ် | |
| (ဃ) | ဒေါက်တာမြင့်နိုင် | မဲဆန္ဒနယ်အမှတ် (၃)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (င) | ဦးကံညွန့် | မဲဆန္ဒနယ်အမှတ် (၅)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (စ) | ဦးငွေမောင် | မဲဆန္ဒနယ်အမှတ် (၁၂)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဆ) | ဒေါက်တာစိုးဝင်း | မဲဆန္ဒနယ်အမှတ် (၂)၊ မွန်ပြည်နယ် | |
| (ဇ) | ဒေါက်တာလှသိန်း | မဲဆန္ဒနယ်အမှတ် (၆)၊ မွန်ပြည်နယ် | |
| (ဈ) | ဦးမောင်မောင်အေး | မဲဆန္ဒနယ်အမှတ် (၁၁)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ည) | ဦးဘိုးရယ် | မဲဆန္ဒနယ်အမှတ် (၃)၊ ကယားပြည်နယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဗညားအောင်မိုး | မဲဆန္ဒနယ်အမှတ် (၇)၊ မွန်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဆားရယ် | မဲဆန္ဒနယ်အမှတ် (၆)၊ ကယားပြည်နယ် | |
| (ဂ) | ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ | မဲဆန္ဒနယ်အမှတ် (၁)၊ ကရင်ပြည်နယ် | |
| (ဃ) | ဦးစောသန်းထွန်း | မဲဆန္ဒနယ်အမှတ် (၄)၊ ကရင်ပြည်နယ် | |
| (င) | ဦးဟာရှိန်းဘွေ | မဲဆန္ဒနယ်အမှတ် (၈)၊ ချင်းပြည်နယ် | |
| (စ) | ဦးဝင်းတင့် | မဲဆန္ဒနယ်အမှတ် (၁)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဆ) | ဦးဇော်နိုင်ဦး | မဲဆန္ဒနယ်အမှတ် (၁၂)၊ မွန်ပြည်နယ် | |
| (ဇ) | ဦးကျော်ကျော် | မဲဆန္ဒနယ်အမှတ် (၂)၊ ရခိုင်ပြည်နယ် | |
| (ဈ) | ဗိုလ်မှူးအောင်ကိုမင်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ည) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**သတ္တုသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးလှဆွေ | မဲဆန္ဒနယ်အမှတ် (၁၂)၊ မကွေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးဘရန်ရှောင် | မဲဆန္ဒနယ်အမှတ် (၃)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးစိုင်းတင်အောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ကချင်ပြည်နယ် | |
| (ဃ) | ဦးနှင်းဝေ | မဲဆန္ဒနယ်အမှတ် (၁၂)၊ ကယားပြည်နယ် | |
| (င) | ဦးစောတော်ပလဲ | မဲဆန္ဒနယ်အမှတ် (၇)၊ ကရင်ပြည်နယ် | |
| (စ) | ဦးမောင်စိန် | မဲဆန္ဒနယ်အမှတ် (၅)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ဆ) | ဦးထွန်းဇော် (ခ) ကိုပေါက် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဇ) | ဦးမင်းလွန်းအောင် | မဲဆန္ဒနယ်အမှတ် (၃)၊ မွန်ပြည်နယ် | |
| (ဈ) | ဦးနေဝင်းထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ရှမ်းပြည်နယ် | |
| (ည) | ဦးသိန်းလှိုင် | မဲဆန္ဒနယ်အမှတ် (၈)၊ စစ်ကိုင်းတိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

## ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်သူတို့၏တိုင်ကြားစာ ဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဦးမြင့်ထွန်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ ပဲခူးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) ဦးလှမောင် | မဲဆန္ဒနယ်အမှတ် (၁၁)၊ ကယားပြည်နယ် | |
| (ဂ) ဦးမန်းကံညွန့် | မဲဆန္ဒနယ်အမှတ် (၂)၊ ကရင်ပြည်နယ် | |
| (ဃ) ဦးဝှေ့ယိန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ ချင်းပြည်နယ် | |
| (င) ဦးထွန်းမြင့် | မဲဆန္ဒနယ်အမှတ် (၆)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (စ) ဦးအောင်ချစ်လွင် | မဲဆန္ဒနယ်အမှတ် (၁၁)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဆ) ဦးဇော်ဝင်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ မွန်ပြည်နယ် | |
| (ဇ) ဗိုလ်မှူးတင်အောင်မိုး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဈ) ဦးမှတ်ကြီး | မဲဆန္ဒနယ်အမှတ် (၉)၊ မန္တလေးတိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသား လွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

**[ ယခင်အပတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄၊ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ" မှအဆက် ]**

၃၀။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်စေရန်နှင့် ပေးလျော်ရမည့် ငွေပမာဏ အပါအဝင် လိုအပ်သည့်အချက်များကို ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေ ထည့်ဝင်စေရန်နှင့် သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရေးအတွက် ထည့်ဝင်ရမည့် ငွေပမာဏ အပါအဝင် အခြားလိုအပ်သည့်အချက်များကို ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

၃၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါရငွေများဖြင့် တည်ထောင်ရမည် -

(က) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေ၊

(ခ) ဝန်ကြီးဌာနက မိမိ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းမှ ရငွေ၊

(ဂ) ကော်မတီနှင့် ဝန်ကြီးဌာနတို့က ပြည်တွင်း၊ ပြည်ပမှ ရရှိသော ချေးငွေ၊ လှူဒါန်းငွေ၊ ထောက်ပံ့ငွေနှင့် အခြားတရားဝင်ရငွေများ၊

(ဃ) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) နှင့် နည်းဥပဒေ ၃၀ အရ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်ငွေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းရန်ပုံငွေသို့ ထည့်ဝင်ငွေများ၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းရန်ပုံငွေသို့ ထည့်ဝင်ငွေများ။

၃၂။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃၁ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေများကို ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အပ်နှံခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ လွှဲပြောင်းပေးခြင်းနှင့် စာရင်းပြုစု ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၃၃။ ဦးစီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် -

(က) နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် ငွေထုတ်စာရင်း ဖွင့်လှစ်အပ်နှံရမည်။

(ခ) ပစ္စည်း၊ အလှူငွေ၊ ထောက်ပံ့ငွေအမျိုးအစားများအလိုက် ခွဲခြားစာရင်းဖွင့်လှစ်၍ မှတ်တမ်းထား ရှိရမည်။

(ဂ) စီမံခန့်ခွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ရေးဆွဲဆောင်ရွက်ရမည်။

(ဃ) ရန်ပုံငွေစာရင်းမှ အသုံးစရိတ်များကို ထုတ်ယူသုံးစွဲခြင်း၊ လွှဲပြောင်းပေးခြင်း ပြုနိုင်သည်။

၃၄။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေသို့ ငွေသွင်း၊ ငွေထုတ်ကိစ္စများ ဆောင်ရွက်ခြင်း၊ ငွေစာရင်းဇယားများ ထိန်းသိမ်းထားရှိခြင်း၊ ဝန်ကြီးဌာနသို့ လစဉ်စာရင်းတင်ပြခြင်းကို ဆောင်ရွက်ရမည်။

၃၅။ ဝန်ကြီးဌာနသည် အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှုတိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး၊ ပျက်စီးရန်

မလွယ်ကူသော ညစ်ညမ်းပစ္စည်းများ စီမံခန့်ခွဲရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေး၊ မြှင့်တင်ရေးလုပ်ငန်းများနှင့် ဆက်နွယ်သည့် အထူးကိစ္စများ ဆောင်ရွက်ရာတွင် ကျခံရမည့် အသုံးစရိတ်များကို ကော်မတီ၏သဘောတူညီချက်ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ကျခံ နိုင်သည်။

## အခန်း (၆)
## ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ် အခြေအနေ

၃၆။ ကော်မတီသည် -

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုခုတွင်သော်လည်းကောင်း၊ နယ်မြေတစ်ခုခုတွင်သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ်ပေါ် ပေါက်ကြောင်း သို့မဟုတ် ထိုသို့ပေါ် ပေါက်နိုင်ကြောင်း ကိုယ်တိုင် သိရှိယုံကြည်လျှင်ဖြစ်စေ၊ ဝန်ကြီးဌာန သို့မဟုတ် အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ခိုင်လုံသောသတင်းရရှိလျှင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ် ပေါ် ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ ချက်ချင်းတင်ပြရမည်။

(ခ) အရေးပေါ် အခြေအနေပြီးဆုံးပြီဟု ယူဆသည့်အခါ အရေးပေါ် အခြေအနေပြီးစီးကြောင်း ကြေညာ နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၃၇။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ် အခြေအနေနှင့်စပ်လျဉ်း၍ အရေးပေါ် တုံ့ပြန်မှုအစီအစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ကြိုတင်ပြုစုထားရမည်။

(ခ) ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ် အခြေအနေကြောင့် ဖြစ်ပေါ် သော သို့မဟုတ် ဖြစ်ပေါ် နိုင်သော ပတ်ဝန်းကျင်ထိခိုက်မှုများကို တားဆီးကာကွယ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့် အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၇)
## ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ

၃၈။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၁၀ ပါ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများကို နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ ဒေသ သို့မဟုတ် မြို့ရွာ သို့မဟုတ် နယ်မြေ၊ ဧရိယာ၊ မြစ်ချောင်းအင်းအိုင်တစ်ခုခုအတွက်ဖြစ်စေ၊ ယင်းတို့၏အစိတ် အပိုင်းတစ်ခုခုအတွက်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်ရာတွင် စံချိန်စံညွှန်း သတ်မှတ်ရန် တာဝန်ပေးအပ်ခြင်းခံရသော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒေသဆိုင်ရာစည်ပင် သာယာရေးအဖွဲ့တို့နှင့်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လည်းကောင်း လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ချက်ကို အများပြည်သူအကျိုးငှာ အချိန်ကာလနှင့် နေရာဒေသ အလိုက် လိုအပ်သလို ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်သော ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ချက် များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအပြင် အများပြည်သူတို့ကပါ လိုက်နာ ဆောင်ရွက်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။

၃၉။ ဦးစီးဌာနသည် -

(က) နည်းဥပဒေ ၃၈ (က) အရ ဝန်ကြီးဌာနက ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ် နိုင်ရေးအတွက် စံချိန်စံညွှန်းသတ်မှတ်ရန် တာဝန်ပေးအပ်ခြင်းခံရသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒေသဆိုင်ရာစည်ပင်သာယာရေးအဖွဲ့တို့နှင့်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့်လည်းကောင်း ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းဆိုင်ရာအချက်အလက်များကို လိုအပ်သလို ညှိနှိုင်းပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေးအတွက် လိုအပ်သည့် အချိန်ကာလနှင့် နေရာဒေသများတွင် လိုအပ်သော အထူးစစ်ဆေးတိုင်းတာမှုများ ပြုလုပ်နိုင်သည်။

## အခန်း (၈)
## မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှု

၄၀။ (က) ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၇ ပါ မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက် ကော်မတီက ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များက အကြံတောင်းခံလာလျှင်သော်လည်းကောင်း၊ အကြံပေးရန် လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် လိုအပ်သလို အကြံပေးနိုင်သည်။

(ခ) ဦးစီးဌာနသည် မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက် အကြံပေးရန် လိုအပ်သည့်အခါ မိမိ၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း (၉)
## စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

၄၁။ ဝန်ကြီးဌာနသည် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့်ရေလုပ်ငန်း၊ အညစ်အကြေးစွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက် ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိ လာနိုင်သော ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း၏ အမျိုးအစားနှင့် အတန်းအစားများကို သက်ဆိုင်ရာအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၄၂။ ဝန်ကြီးဌာနသည် အဆိပ်အတောက်နှင့်ဘေးအန္တရာယ်ရှိပစ္စည်းများ ပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ၊ စခန်းများ တည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း၍ -

(က) သတ်မှတ်ထားသော အဆိပ်အတောက်နှင့်ဘေးအန္တရာယ်ရှိပစ္စည်းများ ပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့များ၊ ဓာတ်ရောင်ခြည်များ ထုတ်လွှတ်ထွက်ရှိသည့် လုပ်ငန်း

အမျိုးအစားများကို မိမိတို့ကိုယ်ပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်းတည်ထောင်၍ဖြစ်စေ၊ စုပေါင်းပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်း တည်ထောင်၍ဖြစ်စေ စွန့်ပစ်ပစ္စည်း သန့်စင်ရေးအတွက် ဆောင်ရွက်စေရမည်။

(ခ) ဤနည်းဥပဒေများကို မထုတ်ပြန်မီက တည်ထောင်ခဲ့ပြီး စွန့်ပစ်ပစ္စည်းသန့်စင်ရေးအတွက် မိမိတို့ ကိုယ်ပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်းကိုဖြစ်စေ၊ စုပေါင်းပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်းကိုဖြစ်စေ တည်ဆောက်လုပ်ကိုင်ရန် တာဝန်ရှိသည့်လုပ်ငန်းများက စွန့်ပစ်ပစ္စည်း သန့်စင်ရေးအတွက် စက်ရုံများ၊ စခန်းများ တည်ထောင်ရန် အချိန်ကာလသတ်မှတ်ပေးရမည်။

(ဂ) သက်ဆိုင်ရာလုပ်ငန်းများက စွန့်ပစ်ပစ္စည်းသန့်စင်ရေးနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ (က) ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးတင်ပြစေရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် -

(က) စက်မှုနယ်မြေများ၊ အထူးစီးပွားရေးဇုန်များနှင့် အခြားလိုအပ်သောနေရာများ၊ အဆောက်အအုံ များတွင် စွန့်ပစ်အရည် သန့်စင်မှုစည်းကမ်းချက်များကိုလည်းကောင်း၊ စက်၊ ယာဉ်နှင့် ယန္တရားများက အခိုးအငွေ့ထုတ်လွှတ်မှုဆိုင်ရာစည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်နိုင်သည်။

(ခ) စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်းကို သိမ်းယူခြင်း၊ ထားသိုခြင်း၊ ဘေးကင်းမှုအစီအမံများ ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ အဆိုပါ ပစ္စည်းကို ခေတ်မီနည်းပညာများဖြင့် စီမံခြင်း၊ ပြုပြင်သန့်စင်ခြင်း၊ စွန့်ပစ်ခြင်းတို့ကို ထိန်းသိမ်း ကြီးကြပ်ရေးနည်းလမ်းများ သတ်မှတ်နိုင်သည်။

(ဂ) စွန့်ပစ်အစိုင်အခဲပစ္စည်းများအား ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်း၊ ထားသိုခြင်းနှင့် သယ်ယူပို့ဆောင် ခြင်းတို့ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည့် အစီအမံများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းချမှတ်နိုင်သည်။

(ဃ) စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုသန့်ရှင်းစွာထုတ်လုပ်နိုင်ရေး နည်းလမ်းများကို လည်းကောင်း၊ သဘာဝအရင်းအမြစ်များနှင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်ပြုပြင်အသုံးပြုရေး နည်းလမ်းများကိုလည်းကောင်း ချမှတ်နိုင်သည်။

၄၄။ ဦးစီးဌာနသည် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့်ရေလုပ်ငန်း၊ အညစ်အကြေးစွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက် ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာ နိုင်သော စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစားနှင့် အတန်းအစားများကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ လိုအပ်ပါက သင့်လျော်သော အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြ ရမည်။

၄၅။ ဦးစီးဌာနသည် နည်းဥပဒေ ၄၂ အရ စွန့်ပစ်ပစ္စည်း သန့်စင်ရေးစက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်း တည်ထောင်ရန် တာဝန်ရှိသည့် လုပ်ငန်းများက စွန့်ပစ်ပစ္စည်းသန့်စင်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ အတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စစ်ဆေးတင်ပြရမည်။

၄၆။ ဦးစီးဌာနသည် -

(က) စက်မှုနယ်မြေများ၊ အထူးစီးပွားရေးဇုန်များနှင့် အခြားလိုအပ်သောနေရာများ၊ အဆောက်အအုံ များတွင် စွန့်ပစ်အရည် သန့်စင်မှုစည်းကမ်းချက်များကိုလည်းကောင်း၊ စက်၊ ယာဉ်နှင့် ယန္တရားများက အခိုးအငွေ့ထုတ်လွှတ်မှုဆိုင်ရာစည်းကမ်းချက်များကိုလည်းကောင်း ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြ ရမည်။

(ခ) စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်းကို သိမ်းယူခြင်း၊ ထားသိုခြင်း၊ ဘေးကင်းမှုအစီအမံများ ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ အဆိုပါ ပစ္စည်းကို ခေတ်မီနည်းပညာများဖြင့် စီမံခြင်း၊ ပြုပြင်သန့်စင်ခြင်း၊ စွန့်ပစ်ခြင်းတို့ကို ထိန်းသိမ်း ကြီးကြပ်ရေးအတွက် နည်းလမ်းများကို ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) စွန့်ပစ်အစိုင်အခဲပစ္စည်းများ ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်း၊ ထားသိုခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ ပိုမိုကောင်းမွန်စေရေးအတွက် ဝန်ကြီးဌာနက ချမှတ်သော အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

(ဃ) ဝန်ကြီးဌာနက ချမှတ်သော စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုသန့်ရှင်းစွာ ထုတ်လုပ်မှုနည်းလမ်းများ၊ သဘာဝအရင်းအမြစ်များနှင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်ပြုပြင် အသုံးပြုရေးနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်း ရှိ မရှိ စစ်ဆေး၍ ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြရမည်။

## အခန်း (၁၀)
## သဘာဝသယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း

၄၇။ ဦးစီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက ဆောင်ရွက်သည့် ဥပဒေပုဒ်မ ၁၈ ပါ သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ စဉ်ဆက်မပြတ်အသုံးပြုခြင်းနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၏ ဆောင်ရွက်မှုအခြေအနေကို လိုအပ်သလို စိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သဘာဝအပင်များနှင့် သက်ရှိများ၏ နေရင်းဒေသမပျောက်ပျက်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၈။ ဝန်ကြီးဌာနသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊ ယဉ်ကျေးမှုအထိမ်းအမှတ်၊ အဆောက်အအုံများနှင့် သဘာဝ နယ်မြေများ အစဉ်တည်တံ့ခိုင်မြဲရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရန် ဦးစီး ဌာနအား တာဝန်ပေးအပ်ခြင်းပြုနိုင်သည်။

၄၉။ ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၈ ပါ သဘာဝသယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့စေရေးအတွက် မြေအသုံးချမှုမှန်ကန်စေရန် သက်ဆိုင်ရာအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၅၀။ ဝန်ကြီးဌာနသည် သဘာဝသယံဇာတအရင်းအမြစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည့် နည်းပညာ၊ ကျွမ်းကျင်မှုအကူအညီများ ရရှိနိုင်ရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း (၁၁)
## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း

၅၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ် ချမှတ်ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၅၂။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရမည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားများကို သတ်မှတ်ရမည်။

၅၃။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၅၂ အရ သတ်မှတ်ချက်တွင်မပါဝင်သည့် အဆိုပြုစီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုများကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်ခြင်း ရှိ မရှိ စိစစ်နိုင်ရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရမည့် အမျိုးအစားများအဖြစ် သတ်မှတ်နိုင်သည်။

၅၄။ နည်းဥပဒေ ၅၂ အရ သတ်မှတ်ထားသည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားများကို ဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် -

(က) မိမိ၏ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရမည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို မည်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပြုလုပ်ရန် ရည်ရွယ်ကြောင်း ဝန်ကြီးဌာနသို့ ကြိုတင်တင်ပြရမည်။

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၅၅။ ဤနည်းဥပဒေ မထုတ်ပြန်မီက တည်ထောင်ထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန် တာဝန်ရှိသည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု ဆောင်ရွက်သည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် -

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ဝန်ကြီးဌာနက စိစစ်သုံးသပ်ပြီး အတည်ပြုသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များကို ဝန်ကြီးဌာနက သတ်မှတ်သည့်အချိန်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၅၆။ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုကို ဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဝန်ကြီးဌာနက လက်ခံသော အရည်အချင်းပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရမည်။

၅၇။ နည်းဥပဒေ ၅၄ (ခ) အရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို မည်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပြုလုပ်ရန် ရည်ရွယ်ကြောင်း ဝန်ကြီးဌာနသို့ ကြိုတင်တင်ပြသည့်အခါ ဝန်ကြီးဌာနက စိစစ်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် သင့်လျော်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း အဆင့် ဟုတ် မဟုတ် အဆုံးအဖြတ်ပေးရမည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၈။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

၅၉။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့တွင် ပြင်ပပုဂ္ဂိုလ်ကကျွမ်းကျင်သူများပါဝင်ပါက ယင်းတို့အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် ထောက်ပံ့ကြေးများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၆၀။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့်စပ်လျဉ်း၍ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပြုလုပ်တင်ပြသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စိစစ်၍ ပတ်ဝန်းကျင်

ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့မှတစ်ဆင့် တင်ပြရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၆၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် အတည်ပြုပြန်ကြားနိုင်သည်။

## အခန်း (၁၂)
## ကြိုတင်ခွင့်ပြုချက်

၆၂။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သောလုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစားများကို ကော်မတီ၏ အတည်ပြုချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ရယူ၍ သတ်မှတ်ကြေညာရမည်။

၆၃။ ဝန်ကြီးဌာနက ဥပဒေပုဒ်မ ၂၁ နှင့် နည်းဥပဒေ ၆၂ အရ သတ်မှတ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစား၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာ **(ပုံစံ-၁)** ဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၆၄။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာများကို စိစစ်၍ ခွင့်ပြုပါက လိုက်နာရန် စည်းကမ်းချက်များ သတ်မှတ်၍ ကြိုတင်ခွင့်ပြုချက် **(ပုံစံ-၂)** ဖြင့် ထုတ်ပေးရမည်။ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံများကို မှတ်ပုံတင်၍ ထိန်းသိမ်းထားရမည်။

၆၅။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် မညီညွတ်သဖြင့် ငြင်းပယ်သည့်အခါ ယင်းသတ်မှတ်ချက်များနှင့် ညီညွတ်စေရေးအတွက် ပြည့်စုံစွာဆောင်ရွက်ပြီး ထပ်မံလျှောက်ထားပါက လိုအပ်သလို စိစစ်၍ ခွင့်ပြုနိုင်သည်။

၆၆။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရာတွင် သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိကို -

(က) ဦးစီးဌာနက စစ်ဆေးတင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေး၍ ပြန်ကြားပေးရန် အကြောင်းကြားနိုင်သည်။

၆၇။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်း လုပ်ကိုင်လိုသူများသည် ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက် ရရှိရန် ဆောင်ရွက်ရမည်။

၆၈။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစားပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၆၉။ (က) မည်သူမျှ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် ဤနည်းဥပဒေတစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း သို့မဟုတ် ဘေးအန္တရာယ်ရှိပစ္စည်းများကိုလည်းကောင်း အများပြည်သူအား

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့်နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုရ။

( ခ ) အများပြည်သူအကျိုးငှာ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတစ်ပါး ဇေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုများကို မည်သူမျှ ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၁၄)

## အထွေထွေ

၇၀။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆက်သွယ်ရန် ပုဂ္ဂိုလ် သို့မဟုတ် ဌာနခွဲထားရှိရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။

၇၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့၊ နေရာဒေသ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းစသည်တို့အား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလွှာ သို့မဟုတ် ထောက်ခံချက်ပေးနိုင်သည်။

၇၂။ ဤနည်းဥပဒေများအရ ဦးစီးဌာနက ဆောင်ရွက်ရန် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဆောင်ရွက်ရမည်။

၇၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံအရာရှိများအား လိုအပ်သလို ခွဲဝေပေးအပ်၍ ဆောင်ရွက်စေနိုင်သည်။

၇၄။ မည်သူမဆို ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအလို့ငှာ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပေးပို့နိုင်သည်။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။

**ပုံစံ (၁)**

ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်လွှာ

**[ နည်းဥပဒေ ၆၃ ]**

သို့

ပြည်ထောင်စုဝန်ကြီး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ရက်စွဲ။ .......ခုနှစ်၊ .......လ ....ရက်။

အကြောင်းအရာ။ **ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်ထားခြင်း။**

၁။ .........နိုင်ငံ၊ .........တိုင်းဒေသကြီး/ပြည်နယ်၊ .........ခရိုင်၊ ......မြို့နယ်၊ ......မြို့၊ .........ရပ်ကွက်/ကျေးရွာအုပ်စုနေ ကျွန်တော်/ကျွန်မ ဦး/ဒေါ် ............ က အပိုဒ် (၂) တွင် ဖော်ပြပါလုပ်ငန်းကို ဆောင်ရွက်လိုပါသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၆၄ အရ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

၂။ သက်ဆိုင်သည့် အချက်အလက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

(က) လျှောက်ထားသူပိုင်ရှင်အမည် - ....................................

(ခ) ဖခင်အမည် - ..............................................

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ - ................................
နိုင်ငံကူးလက်မှတ်အမှတ် ..........................................

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား/ - ....................................
နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်နေရာ ................................

(င) နိုင်ငံသား/လူမျိုး - ...........................................

(စ) မွေးဖွားရာဒေသ - ..............................................

(ဆ) နေရပ်လိပ်စာ

(၁) နိုင်ငံသားဖြစ်ပါက ပြည်တွင်းရှိနေရပ်လိပ်စာ - ............................
..........................................................................

(၂) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ နေရပ်လိပ်စာ - ....................
..........................................................................

(၃) နိုင်ငံခြားသားဖြစ်ပါက မြန်မာနိုင်ငံအတွင်း နေထိုင်သည့် နေရပ်လိပ်စာ - ......
..........................................................................

(ဇ) ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား၊ ........................
..........................................................................

(ဈ) လုပ်ငန်း/လုပ်ငန်းခွင်နေရာ/စက်ရုံ/အလုပ်ရုံလိပ်စာ၊ ........................
..........................................................................

(ည) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက မှတ်ပုံတင်ထားသည့် ကုမ္ပဏီအဖွဲ့အစည်းဖြစ်ကြောင်း အထောက်အထားမိတ္တူပူးတွဲ။

(ဋ) အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ လုပ်ငန်းနှင့်စပ်လျဉ်းသည့် ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ် စသည်တို့ ရရှိထားပါက ယင်းတို့၏မိတ္တူပူးတွဲ။

လျှောက်ထားသူ/ပိုင်ရှင်

(ဦး/ဒေါ်........)

**ပုံစံ (၂)**

ကြိုတင်ခွင့်ပြုချက်

**[ နည်းဥပဒေ ၆၄ ]**

အကြောင်းအရာ။ **ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း။**

၁။ .........နိုင်ငံ၊ .........တိုင်းဒေသကြီး/ပြည်နယ်၊ .........ခရိုင်၊ ......မြို့နယ်၊ ......မြို့၊ .........ရပ်ကွက်/ကျေးရွာအုပ်စုနေ ဦး/ဒေါ် ............ က အပိုဒ် (၂) တွင် ဖော်ပြပါလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်ထားတင်ပြလာခြင်းကိုစိစစ်၍ အပိုဒ် ၃ တွင် ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေ ၆၄ အရ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးလိုက်သည်။

၂။ လုပ်ငန်းနှင့်သက်ဆိုင်သည့် အချက်အလက်များ -

(က) ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား၊ ..........................
..................................................................................
..................................................................................

(ခ) လုပ်ငန်း/လုပ်ငန်းခွင်နေရာ/စက်ရုံ/အလုပ်ရုံလိပ်စာ၊ ............................
..................................................................................

၃။ လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များ -

(က) ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါက ဝန်ကြီးဌာနမှ သတ်မှတ်သောငွေကို ပေးလျော်ရမည်။

(ခ) သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိပါက ဝန်ကြီးဌာနမှ သတ်မှတ်သော ရန်ပုံငွေကို ထည့်ဝင်ရမည်။

(ဂ) သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲသောလုပ်ငန်းဖြစ်ပါက အကျိုးအမြတ်၏ တစ်စိတ် တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထည့်ဝင်ရမည်။

(ဃ) ..................................................................................

(င) ..................................................................................

(စ) ..................................................................................

ရုံးတံဆိပ်

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် အခွင့်အမိန့်ရသူ)

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၈) စစ်မြေပြင်ဆေးတပ်ရင်းမှ ကြည်း ၄၅၆၂၆ ဗိုလ်ကြီးသန့်ဇင်နိုင်အား ပြည်သူ့လွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူး နေရာ၌ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

အမှတ် ၉၇/၂၀၁၄ ။ ။ ကာကွယ်ရေးဌာနကောင်စီအမိန့်အမှတ် ၃/၆၆ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)၊ မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါ်ဝါဝါရွှေ [နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၉/မရတ (နိုင်) ၀၅၈၃၆၃] အား စစ်တက္ကသိုလ်၊ မြန်မာစာဌာနရှိ လက်ထောက်ကထိက

(ဗိုလ်ကြီး) နေရာတွင် စစ်သည်အစားခန့် အမြဲတမ်းအရပ်သားဝန်ထမ်း (အရာထမ်း) အဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည်။

## (ကြည်းတပ်ဌာနခွဲ)

အမှတ် ၉၆/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | သိန်းဝင်း | ကြည်း ၆၇၄၅၄ |
| (၂) | မြင့်အေး | ကြည်း ၆၇၄၅၅ |
| (၃) | မြင့်ဦး | ကြည်း ၆၇၄၅၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက် )

အမှတ် ၃ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အောက်ဖော်ပြပါအရာထမ်း (၃) ဦးအား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | တာဝန်ကျရာဒေသ |
|---|---|---|---|
| ၁။ | ဦးအေးကို | ဒုတိယညွှန်ကြားရေးမှူး | ဖဖရ (ကျိုင်းတုံ) |
| ၂။ | ဦးအောင်တင်ကျော် | ဒုတိယညွှန်ကြားရေးမှူး | ဖဖရ (ခန္တီး) |
| ၃။ | ဦးစိုးလွင် | လက်ထောက်ညွှန်ကြားရေးမှူး | နလဖဖရ (ဗန်းမော်)<br>ဖဖရ (ဗန်းမော်) |

ထွေးလှ၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ဒီပဒီပံ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

ပုဒ်မ ၂၀၆ (၁) အရ

(၂၅-၇-၂၀၁၄) နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **"ဒီပဒီပံ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်" (DEPA DEPAN INING CO., LTD.)** အား (၂၅-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဒေါ်စန္ဒာအေး (ဘီကွမ်း၊ စီပီအေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၂၅-၇-၂၀၁၄) ရက်နေ့တွင် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၈-၉-၂၀၁၄) နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီး တောင်းခံခြင်းနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး

(B.Com, CPA No - 1065/524)

အမှတ် (၂၃)၊ အခန်း ၃၀၂ ဘီ (ဘလောက်)၊

အင်ကြင်းလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့။

**အေးနှင့်သက် ကျောက်မျက်ကုမ္ပဏီလီမိတက်**

**AYE & THET GEMS CO., LTD.**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အေးနှင့်သက် ကျောက်မျက်ကုမ္ပဏီလီမိတက် (AYE & THET GEMS CO., LTD.)** အား (၂၁-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သောင်းသောင်း (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ပြန်တမ်းတွင် ကြော်ငြာပါသည့်နေ့မှစ၍ (၁) လ နောက်ဆုံးထားပြီး ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေး
မန်နေးဂျင်းဒါရိုက်တာ
အေးနှင့်သက် ကျောက်မျက်ကုမ္ပဏီလီမိတက်

ဒေါ်သောင်းသောင်း (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် (၂)၊ အခန်း (၄)၊ တော်ဝင်အိမ်ရာ၊
၄၁ တိုးချဲ့ရပ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
(ဖုန်း ၀၉-၅၁၅၀၃၆၃)

**ထီးမိုးကြီး ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**"ထီးမိုးကြီး ကုမ္ပဏီလီမိတက်" (Htee Moe Gyi Co., Ltd.)** ဒါရိုက်တာအဖွဲ့၏ (၄-၈-၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **"ထီးမိုးကြီး ကုမ္ပဏီလီမိတက်" (Htee Moe Gyi Co., Ltd.)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

U Tin Win
Managing Director
Htee Moe Gyi Co., Ltd

ဦးအောင်သိန်း (B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## မြတ်ဆုထိုက် ကုမ္ပဏီလီမိတက်

## Myat Su Htike Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"မြတ်ဆုထိုက် ကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၄-၈-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၈-၉-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးစိုးမြင့်သိန်း
မန်နေးဂျင်းဒါရိုက်တာ
မြတ်ဆုထိုက် ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

## ရွှေထက်ထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

## Shwe Htet Htet Trading Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"ရွှေထက်ထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၅-၈-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၈-၉-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်အေးအေးမိုး
မန်နေးဂျင်းဒါရိုက်တာ
ရွှေထက်ထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## မြန်မာပိုးလမ်းမကြီး ခရီးသွားလီမိတက်
## MYANMAR SILK ROAD TRAVEL LIMITED
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာပိုးလမ်းမကြီး ခရီးသွားလီမိတက် (MYANMAR SILK ROAD TRAVEL LIMITED)** အား (၇-၈-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမိုးသဲ
Managing Director
Myanmar Silk Road Travel Ltd.

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၀၁၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ကောင်းခြင်းပြည့်စုံ ကျောက်မျက်ကုမ္ပဏီလီမိတက်
## KAUNG CHINN PYI SONE GEMS CO., LTD
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကောင်းခြင်းပြည့်စုံ ကျောက်မျက်ကုမ္ပဏီလီမိတက် (KAUNG CHINN PYI SONE GEMS CO., LTD)** အား (၇-၈-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးခိုင်ကျော်ဝင်း
Managing Director
Kaung Chinn Pyi Sone Gems Co., Ltd

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၀၁၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**ခေတ်သစ်တောင်ပံ ကျောက်မျက်ကုမ္ပဏီလီမိတက်**
**KHIT THIT TAUNG PAN GEMS CO., LTD**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ခေတ်သစ်တောင်ပံ ကျောက်မျက်ကုမ္ပဏီလီမိတက် (KHIT THIT TAUNG PAN GEMS CO., LTD)** အား (၇-၈-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစောမြဦး
Managing Director
Khit Thit Taung Pan Gems Co., Ltd

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**စိမ်းထက်ကမ္ဘာ ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**
**Seinn Htet Kabar Gems Trading Company Limited. အား**
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - ၈-၉-၂၀၁၄
ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ
ကျင်းပမည့်နေရာ - တိုက်အမှတ် (အက်စ်)၊ အခန်း (၈၀၇)၊
MWEA တာဝါ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၀၂၉၆)
အမှတ်-၈၃ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မိုး အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

## MOE GENERAL TRADING COMPANY LIMITED. အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၈-၉-၂၀၁၄) |
| ကျင်းပမည့်အချိန် | - | နံနက် (၁၁း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၂၇၁)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ်-၈၃ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြေညာစာ

## ခြင်္သေ့ နဂါး ဂဠုန် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **"ခြင်္သေ့ နဂါး ဂဠုန် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်"(LION DRAGON ROC INTERNATIONAL COMPANY LIMITED.)** ကို (၅-၈-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) **ဦးရဲထွဋ်ဆွေ (B.Sc)** အား တွဲဖက်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့ကို နောက်ဆုံး ထား၍ (၁) လအတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

NYI LWIN AUNG
Managing Director
LION DRAGON ROC INTERNATIONAL CO., LTD.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ၈၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၈-၈-၂၀၁၄။